**WASH/ Shelter/ CCCM အဖွဲ့စု သုံးလပတ်အစည်းအဝေး**

**အောက်တိုဘာ (၆) ရက်နှင့် (၇) ရက် ၂၀၁၅၊ ဗန်းမော်။**

ရက်စွဲ: အောက်တိုဘာ (၆) ရက်နှင့် (၇) ရက် ၂၀၁၅၊ ဗန်းမော်။

ကျင်းပမည့်နေရာ: KBC ရုံး၊ ဗန်းမော်။

တက်ရောက်သည့်သူအရေအတွက် : (၁၆) ဦး

တက်ရောက်သည့်အဖွဲ့အစည်းပေါင်း : (၉) ဖွဲ့

အဖွဲ့များ စုပေါင်းအစည်းအဝေးသို့ တက်ရောက်ကြသည့်သူများစာရင်း (ဗန်းမော်)

| စဉ် | အမည် | ရာထူး/အဖွဲ့အစည်း | အီးမေးလ်လိပ်စာ | ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁ | စိုင်းဟန်လင်းအောင် | WASH Cluster officer (WASH အဖွဲ့စုအရာရှိ) | shlaung@unicef.org | 09425272778 |
| ၂ | Dhruva (ဒါရုဗား) | WASH officer (WASH အရာရှိ) | dmajagaiyan@unicef.org | 098610101 |
| ၃ | David Ra Rocha (ဒေးဗစ် ရာ ရိုချား) | Field Coordinator (ကွင်းဆင်းညှိနှိုင်းကွပ်ကဲရေးမှူး) | bmo.field.coo@solidarites-myanmar.org | 0943206698 |
| ၄ | အောင်စိုး | WASH Cluster consultant (WASH အဖွဲ့စုအတိုင်ပင်ခံ) | ausoe@unicef.org | 09-420700725 |
| ၅ | လရိန် | Program Coordinator (စီမံချက်ညှိနှိုင်းကွပ်ကဲရေးမှူး) | kokolaring@gmail.com | 09400046831 |
| ၆ | သောမတ်စ် | Field Coordinator (ကွင်းဆင်းညှိနှိုင်းကွပ်ကဲရေးမှူး) | thomas.honghoug@drcmm.org | 09 400037557 |
| ၇ | နိုဝယ်လ် | Shelter Engineer (Shelter အင်ဂျင်နီယာ) | noal@drcmm.org | 0941008109 |
| ၈ | ရဲလတ်ရီ | WASH Engineer (WASH အင်ဂျင်နီယာ) | yelattyi.1977@gmail.com | 0991055484 |
| ၉ | Karine LACROIX (ကယ်ရင် လာကရာစ်) | WASH program manager (WASH စီမံချက်မန်နေဂျာ) | bmo.prg.manager@solidarites-myanmar.org | 09 401624161 |

| | | | | |
|---|---|---|---|---|
| | | | | |
| ၁၀ | Maria GULAMHUSEIN (မာရီယာ ဂူလမ်ဟူစိန်) | WatSan activities Manager (WatSan ဆောင်ရွက်မှုများဆိုင်ရာ မန်နေဂျာ) | bmo.wat.manager@solidarites-myanmar.org | 096307250 |
| ၁၁ | ရဲဝင်း | Township Coordinator (မြို့နယ်ညှိနှိုင်းကွပ်ကဲရေးမှူး) | yewin1967@gmail.com | 095183248 |
| ၁၂ | လဒွတ် | Shelter Engineer (Shelter အင်ဂျင်နီယာ) | | 094400047261 |
| ၁၃ | လာရွယ် | Field Coordinator (ကွင်းဆင်းညှိနှိုင်းကွပ်ကဲရေးမှူး) | brangzetnmok@gmail.com | 09-49582451 |
| ၁၄ | မရန်တန်နောင်း | Shelter Cluster coordinator (Shelter အဖွဲ့စုညှိနှိုင်းကွပ်ကဲရေးမှူး) | maran@unhcr.org | 09400039604 |
| ၁၅ | ဦးတင်မြင့် | Technical Coordinator (နည်းပညာပိုင်းဆိုင်ရာ ညှိနှိုင်းကွပ်ကဲရေးမှူး) | Tinmyint19@gmail.com | |
| ၁၆ | မင်းကို | Field Engineer (ကွင်းဆင်းအင်ဂျင်နီယာ) | | |

အစည်းအဝေးအစီအစဉ်

| | **အစီအစဉ်** | **အကြောင်းအရာ** | **ဦးဆောင် ဆောင်ရွက်မည့်သူ** |
|---|---|---|---|
| ပထမနေ့၊ (၆)ရက် အောက်တိုဘာ | 14h00- 14h30 | ကြိုဆိုခြင်းနှင့် မိတ်ဆက်ခြင်း<br>ပြီးခဲ့သောအစည်းအဝေးမှ အဓိကစီစဉ်ဆောင်ရွက်ခဲ့သည်များ ကိုပြန်လည်သုံးသပ်ခြင်း | မရန်တန်နောင်းနှင့် စိုင်း |
| | 14h30 – 15h00 | ကချင်နှင့် NSS ရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နောက်ဆုံးရ အခြေအနေများ | တက်ရောက်လာသူအားလုံး |
| | 15h00 – | ယာယီစခန်းစီစဉ်ချထားသည့်နေရာမှ IDP များ၏ | မရန်တန်နောင်းနှင့် စိုင်း |

| | | | |
|---|---|---|---|
| | 15h30 | လုပ်ရှားမှုများ | |
| | 15h30 – 15h45 | ကော်ဖီသောက်နားချိန် | |
| | 15h45 – 16h30 | WASH ဆောင်ရွက်မှုကုန်ကျစရိတ်များနှင့် CCCM | ဒါရုဖား/ မရန်တန်နောင်း |
| | 16h00- 16h30 | WASH ၏အဓိကအေဂျင်စီများနှင့် CCCM ၏အဓိက အေဂျင်စီများ | မျက်နှာစုံညီဆွေးနွေးခြင်း |

| | **အစီအစဉ်** | **အကြောင်းအရာ** | **ဦးဆောင် ဆောင်ရွက်မည့်သူ** |
|---|---|---|---|
| | 9h00-10h30 | WASH နှင့် Shelter ဆိုင်ရာ သီးသန့် ဆွေးနွေးခြင်းများ | မရန်တန်နောင်းနှင့် စိုင်း |
| | 10h30-10h45 | ကော်ဖီသောက်နားချိန် | |
| | 10h45 – 11h15 | ပြီးခဲ့သော ၂၀၁၅ နောက်ဆုံး (၃)လပတ်နှင့် ၂၀၁၆ အတွက် Shelterဆိုင်ရာအစီအစဉ်နှင့်WASH၏ဆက်စပ်လိုအပ်ချက် များ | မရန်တန်နောင်းနှင့် စိုင်း |
| ဗုဒ္ဓဟူးနေ့၊ (၇) ရက်၊ အောက်တိုဘာလ၊ ၂၀၁၅ | 11h15- 12h30 | စခန်းများအတွက် ဦးစားပေးဆောင်ရွက်ချက်များ | မရန်တန်နောင်းနှင့် စိုင်း<br><br>အဖွဲ့လိုက်ဆွေးနွေးရန်<br>• မည်မျှသောလူဦးရေအရေအတွက် စခန်းတစ်ခုအဖြစ်ဖွဲ့စည်းရန် လိုအပ်ပါသလဲ?<br>• အဆင့်ပေါင်း မည်မျှထားရှိပြီး မည်သည် တို့သည် ဦးစားပေးဖြစ်ပါသလဲ?<br>• မည်သည့်အတိုင်းအတာပမာဏကို ဦးစားပေးအဖြစ်သတ်မှတ်ပါမလဲ? |

**၁. ပြီးဆုံးခဲ့သော အစည်းအဝေးမှတ်တမ်းများကို ပြန်လှန်သုံးသပ်ခြင်း**

CCCM အဖွဲ့စုသည် အသစ်ရောက်ရှိလာသည့် IDP များ၏ အခြေအနေကို အတည်ပြုဆောင်ရွက်နိုင် မည့် သတ်မှတ်လမ်းညွှန်ချက်များကို ပြင်ဆင်ချထားရန်အတွက် PWG နှင့်အတူညှိနိုင်းဆောင်ရွက်ပြီးIDPများသည် ယာယီအားဖြင့်သာနေရပ်စွန့်ခွာလာခြင်းသို့မဟုတ်ကာလကြာမြင့်စွာစွန့်ခွာရခြင်းစသည့်အခြေအနေကိုသုံး သပ်ပြီးCCCM စာရင်းထဲ တွင်မှတ်ပုံတင်ဖြည့်သွင်းရန်ဖြစ်သည်။

**၂. ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနောက်ဆုံးအခြေအနေများ**

လက်ရှိ စခန်းအခြေအနေနှင့် လူဦးရေးအပြောင်းအလဲများအပေါ် CCCM ၏လစဉ် သုံးသပ်စီစစ်ချက်

| စခန်း | Aug-15 | | Sep-15 | | လူဦးရေ ခြားနားချက် | မှတ်ချက် |
|---|---|---|---|---|---|---|
| | အိမ်ထောင်စု | လူဦးရေ | အိမ်ထောင်စု | လူဦးရေ | | |
| နယ်ခြားမှတ်တိုင် (၈) | 153 | 692 | 155 | 664 | 28 | လူဦးရေ လျော့သွားသည် |
| RC ဘုရားကျောင်း (၅) ရပ်ကွက် (လုံးခင်း) | 83 | 424 | 74 | 404 | 20 | လူဦးရေ လျော့သွားသည် |
| Maga Yang (မာဂယန်း) | 610 | 2762 | 610 | 2750 | 12 | လူဦးရေ လျော့သွားသည် |
| မှတ်တိုင် (၆) စခန်း | 110 | 641 | 110 | 643 | (2) | လူဦးရေ တိုးလာသည် |
| Dum Bung (ဒွန်ဘွန်း) | 115 | 598 | 115 | 602 | (4) | လူဦးရေ တိုးလာသည် |
| St. Patrick Catholic Church (စိန့်ပထရစ်ကက်သလစ် ဘုရားကျောင်း) | 12 | 57 | 12 | 61 | (4) | လူဦးရေ တိုးလာသည် |
| Hpun Lum Yang (ဖန်လမ်ယန်း) | 610 | 2934 | 612 | 2944 | (10) | လူဦးရေ တိုးလာသည် |
| Jan Mai Kawng Catholic Church (ဂျန်မိုင်ကောင်းကက်သလစ် ဘုရားကျောင်း) | 106 | 491 | 107 | 501 | (10) | လူဦးရေ တိုးလာသည် |
| Nant Ma Hpit Catholic Church (နန့်မဖစ်ကက်သလစ် ဘုရားကျောင်း) | 54 | 271 | 57 | 284 | (13) | လူဦးရေ တိုးလာသည် |
| Pa Dauk Myaing(Pa La Na) | 32 | 199 | 43 | 247 | (48) | လူဦးရေ တိုးလာသည် |
| Maina Catholic Church (St. Joseph) | 227 | 1223 | 243 | 1307 | (84) | လူဦးရေ တိုးလာသည် |

| | | | | | | |
|---|---|---|---|---|---|---|
| (မိန်းနားကက်သလစ်ဘုရားကျောင်း) စိန့်ဂျိုးဇက် | | | | | | |
| Je Yang Hka (ဂျေရန်ခါး) | 1543 | 8656 | 1694 | 8805 | (149) | လူဦးရေ တိုးလာသည် |
| Salang Yang (ဆလန်ယန်း) | | | | 489 | (489) | စခန်းသစ် |
| Ndup Yang (အင်ဒွတ်ယန်) | | | 161 | 711 | (711) | စခန်းသစ် |

<u>စခန်း၏နောက်ဆုံးအခြေအနေ</u>

၁. ၂၀၁၅ မေလတွင် ဆွမ်ပရာဘွမ်မြို့နယ်၌ စခန်းအသစ်နှစ်ခုကို တိုးချဲ့တည်ဆောက်ခဲ့သည်။ (၁) ဆလန်ယန်း စခန်းနှင့် (၂) အင်ဒွတ်ယန် စခန်း။

၂. နမ့်ခမ်းမြို့နယ်ရှိ နေဝန်းနီစခန်းသည် နမ့်ခါးရွာအနီးသို့ ပြောင်းလဲနေရာချထားမည်ဖြစ်သည်။ လာမည့် ဒီဇင်ဘာလတွင် စခန်းတွင်းရှိ IDP ရပ်ရွာလူထုများနှင့် အစည်းအဝေးတစ်ခု ကျင်းပမည် ဖြစ်ပြီး အကူးအပြောင်းကာလအတွက် စခန်းချထားရန်ကြားနေရာကို အဆိုပြုရွေးချယ်စေမည် ဖြစ်သည်။

၃. နမ့်စန် IDP စခန်း (လူဦးရေး ၈၀) သည်လားရှိုးမြို့ ဆင်ခြေဖုံး၊ နမ္မတူသို့ သွားသောလမ်းပေါ်ရှိ အိမ်နိုင်သို့ပြောင်းရွှေ့ရန်ဆွေးနွေးဆဲဖြစ်သည်။ အသစ်ပြောင်းရွှေ့အခြေချမည့်နေရာ ရွေးချယ်သတ်မှတ်ခြင်းနှင့် စခန်းနေရာဆိုင်ရာ စီစဉ်မှုများကို WASH နှင့် Shelter စုစည်းအဖွဲ့စုများ (shelter clusters) မှ ၂၀၁၅ မေလတွင် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ရံပုံငွေရရှိပြီး၊ WASH ဆိုင်ရာ အထောက်အပံ့ စီစဉ်ထားရှိမှုများ ပြည့်စုံပါက MDCG မှ အကူးအပြောင်းစခန်းနေရာတွင် လူနေဆောင် လုံးချင်းအဆောင်အဦးများကို စတင်ဆောက်လုပ်ရန် စီစဉ်ထားသည်။

၄. WASH ကြားဝင်ကူညီဆောင်ရွက်မှုလုပ်ငန်းများသည် လက်ရှိဖြစ်ပွားနေသော မန်စီ ပဋိပက္ခ အတွက် တုံ့ပြန်ဆောင်ရွက်ခြင်းဖြစ်သည်။

| **စဉ်** | **မြို့နယ်** | **စခန်း** | **WASH ဆိုင်ရာ အဓိကတာဝန်ရှိသူ** | **အေဂျင်စီ** | **IDP အသစ် အိမ်ထောင်စု** | **IDP အသစ် လူဦးရေ** | **WASH ကြားဝင်အကူအညီပေးရေးလုပ်ငန်းများ** | **မှတ်ချက်** |
|---|---|---|---|---|---|---|---|---|

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁. | မန်စီ | မိုင်းခေါင် KBC | CESVI | SI, မေတ္တာ, MRCS | ၈၀ | ၂၆၇ | • လက်နိုပ်တုံကင်နှစ်ခုတပ်ဆင်ရန်<br>• မီးစက်အတွက် လောင်စာဆီ<br>• ရေအိတ်များတပ်ဆင်ခြင်းနှင့် ရေဖြန့်ဝေခြင်း (ရက်သတ္တပတ်သုံးပတ်သာခံမည်ဖြစ်သည်)<br>• ကျန်းမာသန့်ရှင်းရေးဆိုင်ရာ အသုံးအဆောင်ပစ္စည်း (Hygiene kits) အစုံ (၇၀) ဖြန့်ဝေရန် | CEVSI တွင် ၂၀၁၅ နိုဝင်ဘာလကုန်အထိ ထပ်တိုးကာလ ၃ လ အတွင်း ပုံမှန်ဆောင်ရွက်နေသည့် လုပ်ငန်းများ အတွက်သာ သုံးနိုင်မည် ဖြစ်သော အသုံးစရိတ် အကန့်အသတ်ရှိသည်။ |
| | မန်စီ | မိုင်းခေါင် RC | CESVI | မေတ္တာ | ၆၃ | ၃၃၇ | • ရေတင်ရန် မီးစက်အတွက် လောင်စာဆီ ၄၅ ဂါလံ လိုအပ်မည်။<br>• အရေးပေါ်အိမ်သာ (၅) လုံး<br>• ပြန်လည်ဖြည့်တင်းနိုင်သော ကျန်းမာသန့်ရှင်းရေးဆိုင်ရာ အသုံးအဆောင်ပစ္စည်း ၆၃ စုံ | |
| | မန်စီ | မန်စီ KBC | မေတ္တာ | မေတ္တာ | ၆၅ | ၃၀၀ | • ပြန်လည်ဖြည့်တင်းနိုင်သော ကျန်းမာသန့်ရှင်းရေးဆိုင်ရာ အသုံးအဆောင်ပစ္စည်း | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | | | | (၅၅) စုံ ဖြန့်ဝေပေးအပ်ရန်<br>• ရေတင်ရန် မီးစက်အတွက် လောင်စာဆီ ၄၅ ဂါလံ လိုအပ်မည်။<br>• တပိုင်းကိုပုံသေအထိုင်ချ ဆောက်လုပ်ထားသည့် အိမ်သာ နှစ်ခု ဆောက်လုပ်ဆဲ။ (semi-permanent) | |

- ရံပုံငွေကန့်သတ်ချက်အတိုင်းအတာအရ မန်စီရှိ WASH ဆိုင်ရာအဓိက အဖွဲ့အစည်းဖြစ်သည့် CESVI သည် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိပါ။ SI ကို အထောက်အပံ့ပေး ရန်အတွက် မေတ္တာနှင့် MRCS တို့သည် (၂၀၁၅) စက်တင်ဘာလကတည်းက တိုက်ပွဲများ ကြောင့် နေအိမ်စွန့်ခွာ ထွက်ပြေးလာသည့် IDP အသစ်များ ( မန်စီရှိ အိမ်ထောင်စု ၂၀၈ စုနှင့် လူဦးရေ (၉၀၄)ဦး) အတွက် WASH ကြားဝင်အကူအညီပေးရေးဆိုင်ရာ နည်းဗျူဟာများကို ရေးဆွဲ အကောင်အထည်ဖော်ခဲ့ပြီး ဖြစ်သည်။
- SI မှဦးစီးဆောင်ရွက်သည့် ERF (အရေးပေါ်ကယ်ဆယ်ရေးရံပုံငွေ) သည် ၂၀၁၅ စက်တင်ဘာလ အကုန်ပိုင်းတွင် ပြီးဆုံးမည်ဖြစ်ပြီး ၎င်းတို့အနေဖြင့် ၂၀၁၆ အတွက် တင်ပြရန် အဆိုပြုလွှာ (Proposal) ကိုပြင်ဆင်လျက်ရှိပါသည်။
- KBC မှလည်း မန်စီတွင်ဖြစ်ပွားနေသည့် ပဋိပက္ခများနှင့် စပ်လျဉ်း၍ ရိက္ခာ၊ ပညာရေး၊ လူနေဆောင် အဆောင်အဦးနှင့် WASH များအတွက် ထရိုကဲ (Trocaire) သို့အဆိုပြုလွှာတစ်စောင် တင်ပြရန် ပြင်ဆင်ထားပြီးဖြစ်သည်။
- UN-Habitat သည် မိုးမောက်နှင့် မန်စီမြို့နယ်များတွင် WASH လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက် တနှစ်စီမံချက် (၂၀၁၅ မတ်လ - ၂၀၁၆ မတ်လ) ကိုအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းသည် UN-Habitat အတွက် WASH/Shelter/CCCM/NFI အဖွဲ့စုပူးပေါင်းအစည်းအဝေးကို ပထမဆုံးအကြိမ် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

၅. ထန်ညစခန်း

SI သည် ERF မှတဆင့် အရေးပေါ် အခြေအနေအတွက် အခြေခံလိုအပ်သည့် ပစ္စည်းများကို ပေးအပ်ခဲ့ပြီး ထိုအကူအညီများသည် ၂၀၁၅ စက်တင်ဘာလ အကုန်တွင်ပြီးဆုံးမည်ဖြစ်သည်။ ပါဝင်သူများ၏ အကြံပြုချက်အရ အကာအကွယ်ပေးရေးဆိုင်ရာကဏ္ဍကို ထန်ညစခန်းတွင် နောက်ဆက်တွဲ ဆက်လက်ဆောင်ရွက်မှုများပြုလုပ်သွားမည် ဖြစ်သည်။

## ဆောင်ရွက်မည့် အဓိကအချက်များ

**WASH**

- ✓ WASH နှင့် Shelter မှ ပုဂၢိဳလ္အားလုံးသည္၊ အရေးပေၚအေျခအေန္ႏွင့္ပတ္သက္၍ ၎တို႔၏ ညႇိႏႈိင္း ေဆာင္ရြက္မႈယႏၲရားကို တိုးျမႇင့္ေဆာင္ရြက္ႏိုင္ေစရမည္။
- ✓ ၂၀၁၅ ႏိုဝင္ဘာလအကုန္တြင္ မိုင္းေခါင္၊ KBC နှင့် RC တို့တွင် ထားရှိမည့် WASH ဆိုင်ရာ အဓိက ပုဂၢိဳလ္ကို ညႇိႏႈိင္းအတည္ျပဳသြားမည္။
- ✓ မိုင္းေခါင္တြင္ WASH စီမံချက်ကို ဖော်ဆောင်သွားနိုင်ရန်အတွက် KBC အနေနှင့် အခြားသော WASH ဆိုင်ရာ ပုဂၢိဳလ္မ်ားႏွင့္ ညႇိႏႈိင္းေဆာင္ရြက္သြားမည္။

## ၃. IDP များကိုယာယီစခန်းတစ်နေရာမှအခြားတစ်နေရာသို့ ပြန်လည်နေရာချထားခြင်း

*IDP များကို ယာယီစခန်းတစ်ခုမှတစ်ခုသို့ ရွှေ့ပြောင်းနေရာချထားခြင်းဆိုင်ရာလုပ်ရှားဆောင်ရွက်မှုများ နှင့် ပတ်သက်သည့် အကာအကွယ်ပေးရေးဆိုင်ရာကဏ္ဍမှ စာတမ်း* ကို Shelter နှင့် WASH အဖွဲ့များ၊ အကာအကွယ်ပေးရေးကဏ္ဍမှ ပုဂၢိဳလ္မ်ားႏွင့္ တိုင္ပင္ေဆြးေႏြးေရးဆြဲခဲ့ၾကသည္။ ထိုစာတမ္းတြင္ ၂၀၁၅ ၌စတင္ေဆာင္ရြက္ခဲ့ေသာ ပထမအဆင့္မွေန၍ ေနာက္ဆုံး ပူးေပါင္းအစည္းအေဝးျပဳလုပ္ခဲ့ ေသာ ၂၀၁၅ ဇူလိုင္ ၆ ရက္ေန႔အထိ ထည့္သြင္းေဖာ္ျပထားပါသည္။

ရံပုံေငြကြန္႔သတ္ခ်က္မ်ားေၾကာင့္ လူသားခ်င္းစာနာေထာက္ထားမႈဆိုင္ရာ အေထာက္အပံ့မ်ားကို အေရးေပၚအေျခအေနတုံ႔ျပန္ေဆာင္ရြက္မႈမ်ား အေပၚတြင္သာ ဦးစားေပးေဆာင္ရြက္သြားပါသည္။ သိရွိသေဘာေပါက္ထားရမည္မွာ ယာယီထားရွိသည့္ေနရာမွ အျခားတေနရာသို႔ ျပန္လည္ေနရာခ် ထားျခင္းသည္ေနရပ္စြန္႔ခြာမႈကို အဆုံးသတ္မသြားေစဘဲ အခ်ိန္ကုန္ၿပီးခရီးမေရာက္ေသာ အေနအထားမ်ားကို

ျဖစ္ေပၚေစကာေျပာင္းေရႊ႕ျခင္းႏွင့္လူေနေဆာင္အသစ္မ်ား၊အေျခခံအေဆာက္အအုံမ်ားကိုျပန္လည္ေဆာက္လု ပ္ရသည့္ ကုန္က်စရိတ္မ်ားကိုလည္း ထည့္တြက္ရန္လို သည္။ အကယ္၍ ရပ္ရြာလူထုမွ ၎တို႔၏ ကိုယ္ပိုင္စီးပြားအတြက္ ျပန္လည္ေရႊ႕ေျပာင္းေနရာ ခ်ထား မႈမ်ားကို စတင္လုပ္ေဆာင္ပါက (အေရးေပၚေရႊ႕ေျပာင္းထြက္ခြာျခင္းမ်ားႏွင့္ေရႊ႕ေျပာင္းမႈျဖင့္ေရရွည္တည္တံ့ခိုင္ၿမဲမႈမ်ားကိုရရွိေစႏိုင္ေ သာအေျခအေနမ်ားမပါဝင္ပါ)ေရႊ႕ေျပာင္းမည့္ေနရာအသစ္တြင္ျပန္လည္တည္ေဆာက္ရန္ကုန္က်စရိတ္ကိုရပ္ရြာလူထု က သာ က်ခံေစရန္ အခိုင္အမာ တိုက္တြန္းလိုပါသည္။

လွယ်ဂျယ် KBC သည် စခန်းပြန်လည်နေရာချထားမှုအတွက် အကောင်းဆုံး ဥပမာဖြစ်သည်။ အကာအကွယ်ပေးရေးကဏ္ဍမှ စခန်းသို့ အကြိမ်ပေါင်းများစွာ သွားရောက်ခဲ့ပြီး ရပ်ရွာလူထုနှင့် အကြိမ်ကြိမ်ဆွေးနွေးမှုများပြုလုပ်ကာ စခန်းပြန်လည်နေရာချထားမှုအတွက် အောက်ပါအတိုင်းတွေ့ ရှိရသည်

- အသစ်ချထားမည့်နေရာတွင် လိုအပ်သည့် ခိုလှုံရေးအဆောက်အဦး (၂၇) လုံးထက်ပိုပြီး အလုံး (၄၀) ထိနေရာချထားနိုင်ပါသည်။ ထို့အပြင်မှတ်သားရမည့်အချက်မှာ လွယ်ဂျယ် ဧရိယာတွင် နေရာစွန့်ခွာပြောင်းရွှေ့ရသူ IDP များအတွက် မြေနေရာ အခက်အခဲ ကြီးစွာဖြစ်ပေါ်လျက်ရှိပါ သည်။ ဤအချက်သည် ထပ်မံပြောင်းရွှေ့နေရာချထားရန်အတွက် မသေချာသော အချက် ဖြစ်ပြီး ထန်ညနှင့် လွယ်ဂျယ်တောင်ပိုင်း ဆင်ခြေဖုံးအရပ်များတွင် ဖြတ်သန်းသွားသည့် အဝေးပြေးလမ်းမ ဆောက်လုပ်ရာနေရာနှင့်လည်း အချင်းပွားဖွယ် အနေအထားရှိသည်။ ထို့ကြောင့် အသစ်ထားရှိမည့်နေရာသည် အရေးပေါ်အခြေအနေများတွင် ထပ်မံရောက်ရှိလာနိုင်သူများအတွက်လည်း နေရာချထားနိုင်မည့် ကျယ်ပြန့်လုံလောက်သော နေရာကို စဉ်းစားနိုင်သည်။ KBC အနေဖြင့်လည်း အကယ်၍ အရေးပေါ်အခြေအနေများတွင် ရွှေ့ပြောင်း ရောက်ရှိလာသော IDP အသစ် များအား လက်ခံသွားရန် သဘောတူပြီး ဖြစ်သည်။
- Shelter ဘက်မှ အမြင်အားဖြင့်မူ ရွှေ့ပြောင်းဆောင်ရွက်မှုများအတွက် ကုန်ကျစရိတ် ထိရောက်အကျိုးရှိစေရန် အကြီးအကျယ်စဉ်းစားဖွယ်တစ်ခုဖြစ်သည်။ KBC နှင့် UNHCR မှ အင်ဂျင်နီယာများသည် နေရာသစ်တွင် ပြန်လည်အသုံးပြုရန်အတွက် လက်ရှိအသုံးပြုနေ သည့် အဆောက်အဦးများ၏အခြေအနေကိုလေ့လာဆန်းစစ်ရန်ဖြစ်သည်။အကယ်၍ခိုလှုံရေးအဆောက်အဦး ဟောင်းများကိုပြန်လည်အသုံးပြုတည်ဆောက်ပါကဒေသခံဘုရားကျောင်းမှဝါးနှင့်လုပ်သားများအကူအညီပေးရန်ကတိပြုထားပြီးဖြစ်သည်။ရွှေ့လျားသယ်ယူနိုင်သောပစ္စည်းများအတွက်လည်းဒေသခံဘုရားကျောင်းမှ သယ်ယူ ပို့ဆောင်ရေးအတွက် စီစဉ်ပေးမည်ဖြစ်သည်။
- သို့သော်လည်း ၎င်းတို့အနေဖြင့် WASH ဆိုင်ရာအထောက်အပံ့ပစ္စည်းများအတွက် အခက်အခဲများနှင့် ရင်ဆိုင်နေရသည်။ လွယ်ဂျယ် KBC မှ ဆိုင်းဂျာ (Seng Ja) ဒေသသို့ WASH ဆိုင်ရာလိုအပ်သည့်အထောက်အပံ့ပစ္စည်းများကိုမည်သူတည်ဆောက်ပေးမည်ကိုရှင်းလင်းစွာမသိရ သေးပေ။ WASH အဖွဲ့စုအနေဖြင့် ဆိုင်းဂျာဒေသနှင့်ပတ်သက်၍ မတူညီသည့် WASH ဆိုင်ရာအေဂျင်စီများနှင့် ညှိနှိုင်းဆောင်ရွက် ပံ့ပိုးပေးနိုင်သော်လည်း အဆုံးသတ်နေရာချထားမည့် စခန်းနေရာအတွက် မည်သည့် WASH အေဂျင်စီမှ WASH ဆိုင်ရာ အထောက်အပံ့များကို ဆောင်ရွက်ပေးနိုင်သည့် အနေအထား ယခုအထိမရှိကြသေး ပေ။ UN-Habitat မှ အဖွဲ့စုသို့ အသိပေးလာသည်မှာ ၎င်းတို့အနေဖြင့် ဆိုင်းဂျာရွာတွင် GFS ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်ရန်စီစဉ်နေပြီး ၎င်းမှတဆင့် လူမှုဂရုဏာအဖွဲ့အစည်း များအနေဖြင့် စခန်းဆီသို့ ပင်မရေပိုက်လိုင်းနှင့် ချိတ်ဆက်ပြီး ရေးပေးဝေနိုင်မည်ဟု သိရ သည်။ WASH အဖွဲ့စုသည် ယာယီစခန်းရွှေ့ပြောင်းခြင်းဆိုင်ရာ ပုံစံပြား (Template) များကို တက်ရောက်လာသူ

အားလုံးထံသို့ဝေမျှပေးခဲ့ပြီး ၎င်းတို့နှင့် အဓိကသက်ဆိုင်ရာ ဧရိယာ များတွင် ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည့် ယာယီစခန်းရွှေ့ပြောင်းမှုများအတွက် အစီအစဉ်များ ဝေမျှပေးရန် တိုက်တွန်းခဲ့ပါသည်။ အားလုံးမှလည်း ၂၀၁၅ အောက်တိုဘာ (၁၆)ရက် နေ့တွင် အတူဝေမျှပေးရန် သဘောတူညီခဲ့ပါသည်။

**ဆောင်ရွက်မည့် အဓိကအချက်များ**

- ✓ သက်ဆိုင်သူအားလုံးကို နောက်ဆုံးရ ယာယီစခန်းနှင့် ဆိုင်သော မြေပုံဆွဲဖော်ပြသည့် ပုံစံပြား (mapping template) များကို အတူဝေမျှရန်နှင့် (၂၀၁၅) အောက်တိုဘာလ (၁၆) ရက်နေ့ တွင် အချက်အလက်အားလုံးပြန်လည်စုစည်းရန်။
- ✓ WASH အဖွဲ့စုသည် လွယ်ဂျယ်၊ ဆိုင်းဂျာစခန်း ပြောင်းရွှေ့မှုအတွက် ဘုရားကျောင်း ခေါင်းဆောင်များ၊ လွယ်ဂျယ် စည်ပင်သာယာနှင့် မိတ်ဖက်အဖွဲ့များ၏ လမ်းညွှန်မှုကို လိုက်နာ သွားရန်တို့ဖြစ်သည်။

## ၆. WASH ဆောင်ရွက်မှုများအတွက် ကုန်ကျစရိတ်နှင့် CCCM

**CCCM:** စခန်းဆောင်ရွက်မှုများအတွက် ကုန်ကျစရိတ်များ (CRC) ၏ ရည်ရွယ်ချက်မှာ စခန်း စီမံခန့်ခွဲရေးအတွက် လိုအပ်မည်ဖြစ်သော အချို့သော အသေးသုံးများကို ကာမိစေရန်သာဖြစ်သည်။ စခန်းမှအဖွဲ့စုသို့ အသိပေးလာသည်မှာ ရေစုပ်တင်ရန်အတွက် လောင်စာဆီဖိုးနှင့် WASH ဆိုင်ရာ ကိရိယာများ၊ အထောက်အပံ့ပစ္စည်းများ အတွက် R & M များသည် ကုန်ကျစရိတ်ပိုင်းတွင် တနည်းတဖုံ ဆက်စပ်နေသည်ဟူ၍ ဖြစ်သည်။

WASH အဖွဲ့စုမှ စွမ်းဆောင်ရည်မြှင့်တင်ပေးရေးအရာရှိသည် (၂၀၁၅) ခုနှစ် ဇူလိုင်လနှင့် စက်တင်ဘာလများအတွင်း စခန်းပေါင်း (၁၀၅) ခု (ကချင်ပြည်နယ်တွင် ၈၉ နှင့် မြောက်ပိုင်း ရှမ်းပြည်မှ ၁၆ ခု) တွင်ဆောင်ရွက်ခဲ့သည့် စောင့်ကြည့်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများမှ WASH လုပ်ငန်းများ ဆောင်ရွက်ခြင်းဆိုင်ရာ ကုန်ကျစရိတ်တွေ့ရှိချက်များကို တင်ပြထားပါသည်။

အသုံးစရိတ်များအတွက် အဓိကတွေ့ရှိချက်များမှာ -

| | |
|---|---|
| လစဉ်ပုံမှန်လည်ပတ်မှုအသုံးစရိတ်များအထူးလိုအပ်မှု | စခန်းပေါင်း (၈၄) ခု။ |
| လစဉ်ပုံမှန်လည်ပတ်မှုအသုံးစရိတ်များ အထူးလိုအပ်မှု မရှိ<br>(GFS စနစ်အရ ရံဖန်ရံခါသာလိုအပ်ပြီး ပုံမှန်အသုံးစရိတ် လိုအပ်မှုမရှိ) | စခန်းပေါင်း (၁၉) ခု။ |
| စခန်းပေါင်း (၈၄) ခုမှလူဦးရေစုစုပေါင်း | ၃၇၄၄၄ MMK |
| စခန်း (၈၄) ခု၏ လစဉ်လုပ်ငန်း ဆောင်ရွက်ခြင်းများ | ၈,၈၈၀,၀၀၀ MMK |

| | |
|---|---|
| အတွက် ခန့်မှန်းအသုံးစရိတ် (ပျမ်းမျှ) | |
| လူတစ်ဦးချင်းစီအတွက် လစဉ်ပျမ်းမျှကုန်ကျငွေ | ၂၃၇ MMK |
| စခန်းတစ်ခုချင်းစီအတွက် လစဉ်အများဆုံး လုပ်ငန်း အသုံးစရိတ်ကုန်ကျငွေ | ၅၁၂,၀၀၀ MMK (ရောဘတ် စခန်း၊ ဗန်းမော်) |
| စခန်းတစ်ခုချင်းစီအတွက် လစဉ်အများဆုံး လုပ်ငန်း အသုံးစရိတ်ကုန်ကျငွေ | ၅၀၀၀ MMK (ဘန်စစ်ပါ၊ မန်စီ) (Bum Sit Pa) |

ပြုပြင်ထိန်းသိမ်းစရိတ်များအတွက် အဓိကတွေ့ရှိချက်များ (အဆင့်မြှင့်တင်ခြင်း၊ ပြန်လည် ထူထောင်ရေး၊ တိုးချဲ့ခြင်းများ)

| | |
|---|---|
| အကြီးစားပြင်ဆင်ထိန်းသိမ်းမှုများ ပြုလုပ်ရန် လိုအပ်သည့် စခန်းများ၊ | စခန်းပေါင်း (၅၀)။ (ကချင်ပြည်နယ်တွင် ၃၄ ခုနှင့် ရှမ်းပြည်မြောက်ပိုင်းတွင် ၁၆ ခု) |
| စခန်း (၅၀) မှ လူဦးရေစုစုပေါင်း | ၁၇၈၈၅ |
| စခန်း (၅၀) ကိုပြင်ဆင်ထိန်းသိမ်းရန်တွက် ခန့်မှန်း ကုန်ကျစရိတ် | ၃၂၄,၆၇၀,၀၀၀ MMK |
| လူတစ်ဦးချင်းစီအတွက် ပျမ်းမျှကုန်ကျစရိတ် | ၁၈၁၅၃ MMK |

လုပ်ငန်းကုန်ကျစရိတ်များနှင့် ပတ်သက်၍ စောင့်ကြည့်ထိန်းသိမ်းမှုအစီရင်ခံစာကို လူတိုင်းသိရှိနိုင်စေရန်မကြာမီဝေမျှမည်ဖြစ်သည်။

CCCM ၏အဆိုပြုချက်အရ WASH ၏နောက်နှစ်အတွက် ကုန်ကျစရိတ်များသည် CRC နှင့် WASH အေဂျင်စီများ၏ အကူအညီဖြင့် ကာမိမည်မဟုတ်ပေ။ ထို့ကြောင့် WASH နှင့်ဆက်စပ်သည့် ကုန်ကျစရိတ်များနှင့် သောက်သုံးရေစီမံခန့်ခွဲမှု အတွက် ရပ်ရွာအတွင်း အသိနိုးကြားစေရန် မြှင့်တင်ပေးသည့် အပိုင်းများကို ကြိုတင်စီစဉ် ဆုံးဖြတ်ရန်ဖြစ်သည်။ အကောင်းဆုံးဥပမာပေးရန် အစီအစဉ်မှာ လက်ရှိ တွင်စခန်းများ၏ WASH ဆိုင်ရာများအသုံးစရိတ်များကို ကျခံပေးနေသည့် နိုင်ငံတကာအဖွဲ့များနှင့် ချိတ်ဆက်ရန်၊ ထို့အတူ WASH ဆိုင်ရာထောက်ပံ့ကူညီမှုများကို စခန်းများတွင်ရရှိစေရန်အတွက် အခြား နည်းလမ်းများ ရှာဖွေရန်ဖြစ်သည်။

WASH ကုန်ကျစရိတ်များကို ဖြတ်တောက်သွားခြင်း၊ စခန်းအတွက် ရပ်ရွာလူထုမှ ပါဝင်ကူညီမှုများ စသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ CRC လမ်းညွှန်ချက်များကို ပြန်လည်သုံးသပ်ပြင်ဆင်သွားမည် ဖြစ်ပြီး စခန်းတွင်း မီးရရှိရေးအတွက် အခြားသောနည်းလမ်းရင်းမြစ်များကို အဆိုပြုတင်ပြသွား မည်ဖြစ်သည်။ ဥပမာ ဆိုလာမီး။ သို့သော်လည်း ထိုဆိုလာမီးကို ပြောင်းလဲအသုံးပြုရန်အတွက် ဆန်းစစ်လေ့လာမှုများလုပ်ရန် လိုအပ်ပါသေးသည်။

ဆောင်ရွက်မည့် အဓိကအချက်များ

- ✓ WASH အဖွဲ့စုမှ အချက်အလက်များကို စစ်ဆေးအတည်ပြုပြီးသည့်နောက်တွင် လုပ်ငန်းဆောင်ရွက်ရန်ကုန်ကျစရိတ်များနှင့် ထိန်းသိမ်းပြုပြင်ရေးဆိုင်ရာများ စောင့်ကြည့်လေ့လာမှုအစီရင်ခံစာကို မိတ်ဖက်အဖွဲ့အစည်းအားလုံးအား ဝေမျှသွားရန်။

**ဒုတိယနေ့ - WASH နှင့် Shelter တို့၏ သီးသန့် အစည်းအဝေးများ**

**ခိုလှုံရေးအဆောင်အဦး (shelter) အဖွဲ့အစည်းများသည် ၂၀၁၅ နောက်ဆုံး (၃) လနှင့် ၂၀၁၆ ပထမ (၃) လအတွက် ဆောက်လုပ်ရေးဆိုင်ရာအစီအစဉ်များကို ဆွေးနွေးခဲ့ကြပါသည်။**

| အေဂျင်စီ | | အဆောက်အဦး အသစ် | အသစ် လဲလှယ် တည်ဆောက်ရန် | မီးဖို | အသုံးစရိတ် | ဆောက်လုပ်ရေး လုပ်ငန်းကာလ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| CRC | နခေါင်ပါ (Nhkawng pa) | | ၁၇၀ | တွဲလျက် ပါရှိ | လုံလောက် | ၂၀၁၅ နောက်ဆုံး (၃)လနှင့် ၂၀၁၆ ပထမ (၃) လ | |
| | BP 6 | | ၃၀ | တွဲလျက် ပါရှိ | လုံလောက် | ၂၀၁၅ နောက်ဆုံး (၃)လနှင့် ၂၀၁၆ ပထမ (၃) လ | |
| | ဂျယ်ရန်း (Je Yang) | | ၁၁၅ | တွဲလျက် ပါရှိ | စီစဉ်ရေးဆွဲ ပြီး | | |
| KMSS – BHO | ပါခါထောင်း (Pa Kahtawng) | | ၁၃၀ | တွဲလျက် ပါရှိ | စီစဉ်ရေးဆွဲ ပြီး | | |
| | လနားဇွပ်ဂျား (La Na Zup Ja) | | ၃၅၀ | တွဲလျက် ပါရှိ | စီစဉ်ရေးဆွဲ ပြီး | | |
| | မန်ဝိန်းကြီး RC 1, 2 | | ၁၅၀ | တွဲလျက် ပါရှိ | စီစဉ်ရေးဆွဲ ပြီး | | |
| | AD 2000 | | ၁၀၀ | တွဲလျ | စီစဉ်ရေး | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | | က် ပါရှိ | ဆွဲ ပြီး | | |
| ရှလုံး (Shalom ) | ဖားကန့်မော်၊ ဆီဆိုင် AG (Si Zaw AG) | ၅ | | တွဲလျ က် ပါရှိ | စီစဉ်ရေး ဆွဲ ပြီး | | |
| | ချီဖွေ LBC (Chihpwi LBC) | ၅ | | တွဲလျ က် ပါရှိ | စီစဉ်ရေး ဆွဲ ပြီး | | |
| KBC | လွယ်ဂျယ် KBC တိုးချဲ့ | ၃၅ | | တွဲလျ က် ပါရှိ | (metal structure) ၂၇ လုံး လုံလောက် | | |
| မေတ္တာ | နန့်ဂျားယန် | ၂၇ | | | | ဆောက်လုပ်ဆဲ | |
| CESVI | မိုင်းကောင်း RC (Maihkawng) | ၂၉ | | | | ကိုးခုပြီးစီးပြီး | Shelter နှင့် WASH ကုန်ကျစရိ တ်များကာ မိစေ ရန် |
| | မိုင်းကောင်း KBC (Maihkawng) | ၃၁ | | | | | Shelter နှင့် WASH ကုန်ကျစရိ တ်များကာ မိစေ ရန် |

**WASH အစည်းအဝေးမှထွက်ပေါ်လာသည့် အဓိကအချက်များ**

| အကြောင်းအရာ - မိတ်ဖက်အဖွဲ့အစည်းများ၏ နောက်ဆုံးရအခြေအနေများ | |
|---|---|
| ဆွေးနွေးမှု အကျဉ်းချုပ် | SI အနေဖြင့် တကိုယ်ရေသန့်ရှင်းကျန်းမာရေးအသုံးအဆောင်များ ( hygiene kits) တွင် စောင်ကို ထည့်သွင်းဖြန့်ဝေမှု ရပ်ဆိုင်းရန် စဉ်းစားလျက်ရှိသည်။ ၎င်းတို့သည် အနာဂတ် WASH ကြားဝင်ကူညီမှုများတွင် ဦးစားပေးအဖြစ်သတ်မှတ်မည်ဖြစ်သော ထိခိုက်လွယ် အုပ်စုများကို ဖော်ထုတ်သိရှိနိုင်ရန်အတွက် ၎င်းတို့၏ အဓိက စခန်းများတွင် ဦးတည်အုပ်စု ဆွေးနွေးခြင်းနှင့် ထောက်ပံ့ဖြန့်ဝေပြီးနောက်ပိုင်းစောင့်ကြည့်ထိန်းသိမ်းခြင်း (PDM) တို့ကို |

| | |
|---|---|
| | ဆောင်ရွက်ခဲ့ပါသည်။ ထိုအသုံးအဆောင်များဖြန့်ဝေရာတွင် အဓိကထားဆောင်ရွက်သည့် အချက်များကို အဖွဲ့စုအားမျှဝေအသိပေးမည်ဖြစ်သည်။ အချို့သော အဖွဲ့များသည် စောင်များကို ဆက်လက်ဖြန့်ဝေလျက်ရှိပြီး ထိုအချက်သည် ဦးတည်အုပ်စုများကိုသာ သီးသန့် ဖြန့်ဝေရန် စီစဉ်ထားသည့် အဖွဲ့များနှင့် အငြင်းပွားဖွယ်ရာ ဖြစ်နိုင်သောကြောင့် WASH အဖွဲ့များသည် hygine kit များ ဖြန့်ဝေရာတွင် အတူတကွညီညွတ်စွာ ဖြန့်ဝေသင့်ကြောင်း SI မှအကြံပြုခဲ့ပါသည်။ SI သည် WASH ဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများကို ၎င်းတို့၏ အဓိက စခန်းများတွင် Echo/PFDA နှင့် ပူးပေါင်း၍ ၂၀၁၆ မေလအထိ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ OCHA သို့တင်ပြထားသည့် ERF အဆိုပြုလွှာသည်လည်း ဆောင်ရွက်ဆဲအနေအထားသာရှိပါသေးသည်။<br><br>UN-Habitat သည် WASH လုပ်ငန်းများကို မြို့နယ်နှစ်ခုရှိ ကျေးရွာ ၂၇ ရွာတွင် အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ (၁၄) ရွာမှာ မန်စီတွင် ရှိပြီး အခြား (၁၃) ရွာမှာ မိုးမောက်တွင်ဖြစ်သည်။ (DRD) ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် အဓိက ယှဉ်တွဲ ဆောင်ရွက်မည့် အဖွဲ့ဖြစ်ပြီး ၎င်းကို ၂၀၁၅ ခုနှစ် ဖွန်လကတည်းက JICA မှ ရံပုံငွေ ထောက်ပံ့ပေးခဲ့ပြီး ၂၀၁၆ မေလအထိဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။ UN-Habitat သည် အထူးသဖြင့် IDP စခန်းများကို လက်ခံပေးထားသော ကျေးရွာများတွင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အဖွဲ့များနှင့် အတူတကွပူးပေါင်းဆောင်ရွက်သွားမည်ဟု ဆိုသည်။ ၎င်းတို့မှ WASH နှင့် ဆက်စပ်အဖွဲ့အစည်းများကို ၂၀၁၅ အောက်တိုဘာလတွင် ဖိတ်ခေါ်ခဲ့ပြီး ၎င်းတို့တွင်လည်း လွယ်ဂျယ်၊ ဆိုင်းဂျာနှင့် ထန်ညှ ကျေးရွာများအတွက် GFS site plan ရှိသောကြောင့်ဖြစ်သည်။<br><br>CESVI - သည် WASH လုပ်ငန်းများကို ၎င်းတို့၏ အဓိက ဧရိယာများတွင် အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည်။ ၎င်းတို့တွင် ရံပုံငွေ လိုအပ်ကွာဟနိုင်ချေရှိသည့် (၃) လ သတ်တမ်းတိုးဆောင်ရွက်မှုကို ၂၀၁၅ နိုဝင်ဘာလအထိ တိုးချဲ့သတ်မှတ်ထားပါသည်။ ထို့ကြောင့် ၎င်းတို့၏ အဓိကထားဆောင်ရွက်သော ဧရိယာများတွင် စီမံချက်မရှိခြင်းများ ဖြစ်ပေါ်လာမည်ဖြစ်သည်။ လက်တလောတွင် ၎င်းတို့မှ ECHO |

| | |
|---|---|
| | ကိုတင်ပြတောင်းခံထား သောအဆိုပြုလွှာကို လက်မခံဘဲငြင်းပယ်ထားပါသည်။ |
| အဓိကဆောင်ရွက်ရမည့် အချက်များ | ✓ အဖွဲ့စု (cluster) မှ အဖွဲ့ဝင်များအကြားတွင် hygiene kit ဖြန့်ဝေမှုများကို လိုအပ်သည့်အတိုင်း နောက်ဆက်တွဲ ဆောင်ရွက်မှုများလုပ်ဆောင်ရန်။<br>✓ SI မှဝေမျှထားသော အဓိကထားချဉ်းကပ်ဆောင်ရွက်မည့် သတ်မှတ်ချက်များကို လိုအပ်သည့်အတိုင်း နောက်ဆက်တွဲ ဆောင်ရွက်မှုများလုပ်ဆောင်ရန်။<br>✓ လွယ်ဂျယ်ဧရိယာရှိ UN-Habitat ၏ နေရာချထားမှု (site plan) တွင် WASH အဖွဲ့စု ၏ပါဝင်မှုများကို သေချာစေရန်အတွက် စောင့်ကြည့်ထိန်းသိမ်းရန်။<br>✓ အကယ်၍ ၂၀၁၅ နိုဝင်ဘာနောက်ပိုင်းတွင် CEVSI မှ ၎င်းတို့အဓိကထား ဆောင်ရွက်သောဧရိယာများတွင် လိုအပ်သည်များကို မဆောင်ရွက်နိုင်ခဲ့ပါက အခြား သော WASH အဖွဲ့များ၏ ကြားဝင်ကူညီမှုများ ရှိနေစေရန်။ |
| အကြောင်းအရာ - စောင့်ကြည့်ထိန်းသိမ်းမှုဆိုင်ရာ ရလဒ်များကို ဝေမျှခြင်း | |
| ဆွေးနွေးမှု အကျဉ်းချုပ် | • အဖွဲ့စုမှ WASH လုပ်ငန်းအခြေအနေများကို ၂၀၁၅ ဇူလိုင်နှင့် စက်တင်ဘာ လများ အတွင်း စခန်းပေါင်း (၁၀၅) ခုတွင် (GCA တွင် ၁၀၀ နှင့် NGCA တွင် ၅ ခု) စောင့်ကြည့်စစ်ဆေးခြင်းများ ပြုလုပ်ခဲ့ပါသည်။ စခန်း (၈၉) ခုသည် ကချင်ပြည်နယ် မှ ဖြစ်ပြီး စခန်း (၁၆) ခုသည် ရှမ်းပြည်နယ်မြောက်ပိုင်း (NSS) မှဖြစ်ပါသည်။ စောင့်ကြည့်စစ်ဆေးမှု အစီရင်ခံစာအသေးစိတ်ကို cluster team မှ စွမ်းဆောင်ရည်မြှင့်တင်ရေးအရာရှိက အခြားအဖွဲ့ဝင်အားလုံးကို မျှဝေပြီး ဖြစ်သည်။ |
| အဓိကဆောင်ရွက်ရမည့် အချက်များ | ✓ ထိုစောင့်ကြည့်စစ်ဆေးမှု အစီရင်ခံစာကို WASH လုပ်ငန်း သက်ဆိုင်သူအားလုံး လက်ခံရရှိပြီးကြောင်းသေချာမှုရှိစေရန်။ |
| အကြောင်းအရာ - အတွေ့အကြုံ/သင်ခန်းစာများသုံးသပ် ရရှိသည့် စာရွက်စာတမ်းများ (lesson learnt documents) | |
| ဆွေးနွေးမှု အကျဉ်းချုပ် | • အဖွဲ့စုမှ စွမ်းဆောင်ရည်မြှင့်တင်မှုဆိုင်ရာအရာရှိသည် အစီအစဉ်များ ပေါင်းစည်း ဆောင်ရွက်မှုမှ အတွေ့အကြုံများသုံးသပ်ရရှိသည့် စာရွက်စာတမ်းများကို အစည်း အဝေးတက်ရောက်လာသူများနှင့် အတူဆွေးနွေးခဲ့ပါသည်။ ထိုစာရွက်စာတမ်း၊ အထောက်အထားများကို |

| | |
|---|---|
| | ၂၀၁၅ ဒီဇင်ဘာ ပထမပတ်အတွင်း ကျင်းပရန်စီစဉ်ထား သော အဖွဲ့စု၏ နှစ်ပတ်လည်အစည်းအဝေးတွင် တင်ပြရန် အသုံးပြုသွားမည် ဖြစ် သည်။<br>• မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့ဖြတ်ကျော်ခဲ့သည့် (၄) နှစ် မှ (၅) နှစ် တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်များမှ ရရှိခဲ့သည့် အတွေ့အကြုံ/သင်ခန်းစာများကို ရေးသားနိုင်ပါသည်။<br>• အဖွဲ့စုစွမ်းဆောင်ရည်မြှင့်တင်ရေးအရာရှိမှလည်း အဖွဲ့ဝင်အားလုံးအား ရှင်းလင်း တင်ပြပြီးဖြစ်သည့် ထိုအတွေ့အကြုံ/သင်ခန်းစာများ၏ အသေးစိတ် ရှင်းလင်းချက် များကို ပြင်ဆင်ပြီးဖြစ်သည်။ |
| အဓိကဆောင်ရွက်ရမည့် အချက်များ | ✓ WASH နှင့်သက်ဆိုင်ရာပုဂ္ဂိုလ်များအားလုံး ထိုစာရွက်စာတမ်းများ ကောင်းစွာ လက်ခံရရှိကြောင်းသေချာစေရန်။ |
| အကြောင်းအရာ - အရေးပေါ် ကုန်ပစ္စည်းများထားရှိမှု | |
| ဆွေးနွေးမှု အကျဉ်းချုပ် | • အဖွဲ့စုထောက်ပံ့ရေးအရာရှိသည် လက်ရှိအစီအစဉ်များမှတဆင့် အခြေခံ၍ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှ WASH cluster အဖွဲ့ဝင်များ ရရှိနိုင် မည့် အရေးပေါ် ကုန်ပစ္စည်းများဆိုင်ရာမြေပုံ ရေးဆွဲနိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။ အချက်အလက်များစုစည်းမှုပုံစံပြား (consolidation template) ကိုလည်း အခြားသောအဖွဲ့များနှင့် ဝေမျှပေးပြီးဖြစ်ကြောင်းရှင်းလင်းတင်ပြခဲ့ပါသည်။<br>• SI အနေဖြင့်လည်း ၎င်းတို့ထံမှရရှိနိုင်မည့် ကုန်ပစ္စည်းများကို ပြန်လည်စီစစ်ပြီး အသေးစိတ်အချက်အလက်များကို အဖွဲ့စုသို့ မကြာမီပြန်လည်အသိပေးမည်ဟု တင်ပြခဲ့ပါသည်။<br>• ဗန်းမော်ဒေသရှိ SI မှလွဲ၍ အခြားသောမည်သည့် အဖွဲ့အစည်းတွင်မှ ကုန်ပစ္စည်း မရရှိနိုင်ပါ။ |
| အဓိကဆောင်ရွက်ရမည့် အချက်များ | ✓ SI ၏ကုန်စည်ရရှိနိုင်မှု သတင်းအချက်အလက် ဝေမျှခြင်းအတိုင်း လိုအပ်သလို ဆက်လက် ဆောင်ရွက်ရန် |
| အကြောင်းအရာ - မိလ္လာကန်အညစ်အကြေးဖယ်ရှားခြင်းလုပ်ငန်းများဆိုင်ရာ သတင်းအချက်အလက် ဝေမျှခြင်း | |
| ဆွေးနွေးမှု အကျဉ်းချုပ် | • အဖွဲ့စုထောက်ပံ့ကူညီရေးအရာရှိသည် KBC, ADRA, Oxfam တို့မှ စုစည်းခဲ့သော မိလ္လာကန် အညစ်အကြေးများ ဖယ်ရှားခြင်းဆိုင်ရာ ကိစ္စရပ်များကို မြစ်ကြီးနားမြို့ တွင်ဝေမျှခဲ့ပါသည်။ ထိုလုပ်ငန်းသည် |

| | |
|---|---|
| | ကနဦးဆောင်ရွက်မှုဖြစ်ပြီး KBC ၏ အဓိက စခန်းများမှ အိမ်သာပေါင်း (၁၅၀) ကို ၂၀၁၆၊ ဇန်နဝါရီလတိုင်သည်အထိ အညစ် အကြေး စွန့်ထုတ်ဖယ်ရှားမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ထိုကိစ္စရပ်အတွက် ကျွမ်းကျင်လုပ်သားများကို သင်တန်းပေးခြင်းသည်လည်း လတ်တလောပြီးစီးခဲ့ပြီး မကြာမီစတင်နိုင်တော့မည်ဖြစ်သည်။ အညစ်အကြေးများဖယ်ရှားခြင်းဆိုင်ရာ TWiG အစည်းအဝေးကို ၂၀၁၅ အောက်တိုဘာတွင် မြစ်ကြီးနားမြို့၌ ကျင်းပမည်ဖြစ်သည်။<br>• UNOPS အနေဖြင့်လည်း အညစ်အကြေးများစွန့်ထုတ်ဖယ်ရှား ခြင်းဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်မှုနှင့် ပတ်သက်၍ ကချင်ပြည်နယ်တွင် DEWAT ကို အကောင်အထည်ဖော်ရန်စိတ်ဝင်စားမှုရှိသည်။ သို့သော်လည်း ထိုအကြောင်းအရာ သည် အမျိုးသားအဆင့်နှင့် ပြည်နယ်/တိုင်းအဆင့် ဆွေးနွေးများတွင်သာ ရှိနေဆဲ အနေအထားဖြစ်သည်။ UNOPS မှရရှိလာသည့် မည်သည့်နောက်ဆုံးရအခြေအနေ များကိုပင်ဖြစ်စေ အဖွဲ့စုမှ ဝေမျှသွားမည်ဖြစ်သည်။<br>• UN-Habitat သည်လည်း လွန်ခဲ့သော နှစ်ပေါင်း (၂၀)ခန့်က DEWAT ဆိုင်ရာ ၎င်းတို့၏အတွေ့အကြုံများကိုလည်း ဝေမျှခဲ့ပါသည်။ |
| အဓိကဆောင်ရွက်ရမည့် အချက်များ | ✓ UNOPS မှ DEWAT အစီအစဉ်များနှင့် ပတ်သက်၍ သတင်းအချက်အလက်များ ရရှိခဲ့ပါက အခြားမိတ်ဖက်များအားလုံးအားဝေမျှပေးရန်။ |
| AOB | |
| ဆွေးနွေးမှု အကျဉ်းချုပ် | 4W – SI အနေဖြင့် 4W များစုဆောင်းသည့်အချိန်ကို တလလျှင် တကြိမ်/နှစ်ကြိမ်သို့လျှော့ချ ရန်အကြံပြုခဲ့သည်။ ဆောက်လုပ်ရေးလုပ်ငန်းများ အလွန်နည်းပါးခြင်း၊ လုပ်ငန်းအများစု မှာလည်း အဆင့်မြင့်တင်နေခြင်း သို့မဟုတ် ထိန်းသိမ်းပြုပြင်နေခြင်းများကြောင့် လုပ်ငန်း အနေအထားအေးနေပြီး လတစ်လအတွင်း သတင်းအချက်အလက်ပြောင်းလဲမှု အလွန်နည်းပါး ခြင်းကြောင့်ဖြစ်သည်။<br>မိုင်းကောင်း KBC နှင့် RC တို့အတွက်အဓိကတာဝန်ယူဆောင်ရွက်မည့်သူ (focal point) - တက်ရောက်လာသူအားလုံးမှ အထက်ပါ ကိစ္စရပ်နှင့်ပတ်သက်ပြီး အကယ်၍ CESVI အနေဖြင့် ၂၀၁၅ နိုဝင်ဘာနောက်ပိုင်းတွင် ထိုဒေသနှင့်အဆက်အသွယ်မရှိတော့ပါက မေတ္တာမှ ဆက်လက် တာဝန်ယူဆောင်ရွက် ပေးနိုင်ခြင်း ရှိမရှိ ချိတ်ဆက်မေးမြန်းရန် အကြံပြုကြသည်။ |

| | |
|---|---|
| အဓိကဆောင်ရွက်ရမည့် အချက်များ | ✓ 4W စုဆောင်းခြင်းများနှင့် ပတ်သက်၍ အခြားသောမိတ်ဖက်အဖွဲ့များနှင့် အမျိုးသား အဆင့် တွင်ဆွေးနွေးရန်။<br>✓ မိုင်းကောင်း KBC နှင့် RC တို့အတွက်အဓိကတာဝန်ယူဆောင်ရွက်မည့်သူအဖြစ် လုပ်ကိုင်ပေးနိုင်ခြင်းရှိမရှိ မေတ္တာအဖွဲ့နှင့် လိုအပ်သလိုချိတ်ဆက်ဆောင်ရွက်ရန်။ |

**၂၀၁၅ ခုနှစ်နောက်ဆုံး (၃)လနှင့် ၂၀၁၆ ခုနှစ် ပထမ (၃)လ အတွက် အဆောက်အဦး များနှင့် WASH အတွက် လိုအပ်နိုင်ဖွယ်ရှိသည်များ။**

| စဉ် | စခန်း | အဆောက်အဦးများဆောက်လုပ်ရာတွင် လိုအပ်လာနိုင်သော WASH လိုအပ်ချက်များ | WASH ဆိုင်ရာ အရေးယူ ဆောင်ရွက်မှုများ |
|---|---|---|---|
| ၁ | BP 6 | တိုးချဲ့ကာလတွင် အဆောက်အဦး အသစ် အလုံး (၁၀) ပြီးစီးခဲ့။ | KMSS နှင့် ချိတ်ဆက် ဆောင်ရွက်ရန် |
| ၂ | နားကောင်းပါး (Nhkawng pa) | စခန်းတိုးချဲ့ရာတွင်အဆောက်အဦးအသစ်အလုံး(၄၀) ထပ်မံတည်ဆောက်ရန်စီစဉ်ထားပြီး။ | WPNနှင့်ချိတ်ဆက် ဆောင်ရွက်ရန် |
| ၃ | လွယ်ဂျယ် KBC | စခန်းနေရာအသစ်တွင် အဆောက်အဦး အသစ် (၃၅)လုံး ပြီးစီးခဲ့။ | SI၊လွယ်ဂျယ်စည်ပင် သာယာရေးအဖွဲ့၊အသင်း တောင်ခေါင်းဆောင်များနှင့် နှင့်ချိတ်ဆက် ဆောင်ရွက် ရန် |
| ၄ | နန့်ဂျားရပ် စခန်း (Nam Jarat camp) | အဆောက်အဦးအသစ် အလုံး(၄၀) ထပ်မံ တည်ဆောက်ရန်စီစဉ်ထားပြီး အလုံး (၂၀) တည်ဆောက်ပြီးဖြစ်။ | မေတ္တာ-လားရှိုးအဖွဲ့နှင့် WASH၏နောက်ဆုံး လက်ရှိအခြေအနေများ အားချိတ်ဆက် ဆောင်ရွက် ရန် |
| ၅ | အိနိုင် (Ei Naing) | အပြောင်းအရွှေ့ကာလအတွင်း နေရာချထားရန် သီးသန့်အဆောက်အဦး အလုံး (၇၀)ခန့် တည်ဆောက်ရန်လျာထား။ | MDCG နှင့်ချိတ်ဆက် ဆောင်ရွက်ရန် |
| ၆ | မန်ဝိန်းကက်သလစ် | RC(1)နှင့်(2)စခန်းများသို့ပြန်လည်နေရာချထား | SCI-MUSE နှင့်ချိတ်ဆက် |

| | | | |
|---|---|---|---|
| | (Man Wing Catholic) | ရန်ဖြစ်နိုင်သည်။KMSS-BHOမှ မြေနေရာအသစ် သတ်မှတ်ချက်ထားပေးခြင်းမရှိသေး။ | ဆောင်ရွက်ရန် |
| ၇ | လာနားဇွပ်<br>(La Na Zup) | အဆောက်အဦး အသစ် (၁၁၈) လုံး လျာထား။ | WPNနှင့်ချိတ်ဆက် ဆောင်ရွက်ရန် |
| ၈ | ဘမ်စစ်ပါး<br>(Bum Tsit Pa) | အဆောက်အဦး အသစ် (၈၄) လုံး လျာထား။ | WPNနှင့်ချိတ်ဆက် ဆောင်ရွက်ရန် |
| ၉ | ချီဖွေ KBC (Chipwi) | လက်ရှိအခက်အခဲမှာ အိမ်သာများလိုအပ်ခြင်းနှင့် ရေ အရည်အသွေး မကောင်းခြင်းဖြစ်သည်။ | Shalom planning နှင့် ချိတ်ဆက် ဆောင်ရွက်ရန် |
| ၁၀ | ချီဖွေ LBC | လက်ရှိအခက်အခဲမှာ အိမ်သာများလိုအပ်ခြင်းနှင့် ရေ အရည်အသွေး မကောင်းခြင်းဖြစ်သည်။ | Shalom planning နှင့် ချိတ်ဆက် ဆောင်ရွက်ရန် |

ဆောင်ရွက်ရန်အချက်များ

- ✓ ဆွမ်ပရာဘွမ်ဧရိယာရှိ WASH ဆိုင်ရာလိုအပ်ချက်များကို နောက်ဆုံးအခြေအနေထိသိရှိရန်နှင့် ပြန်လည်ဝေမျှရန်။စခန်းရွေးချယ်ရာတွင်ဦးစားပေးအချက်များ: အဖွဲ့လိုက်လုပ်ဆောင်ရန်

**အဖွဲ့လိုက်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်မှာ IDP camp များ၏ အခြေအနေများအပေါ်တွင် မူတည်ပြီး မတူညီသော ဦးစားပေးအဆင့်များကို ပိုမိုကောင်းမွန်စွာ သတ်မှတ်နိုင်ရန်ဖြစ်သည်။ အောက်တွင်နမူနာပုံစံကို ပြထားပါသည်။**

| | **စံသတ်မှတ်ချက် နမူနာပုံစံ** | | | | |
|---|---|---|---|---|---|
| | **စခန်းများ၏ အရွယ်အစား** | **ဧရိယာ အကျယ်အဝန်း** | **အမျိုးအစား** | **ပဋိပက္ခ/ အထိခိုက်မခံသော နေရာတွင် ရှိမရှိ** | **လက်တွေ့ သွားလာနိုင်မှု အခြေအနေ** |
| **ကြားဝင်ကူညီမှု ဦးစားပေးအဖြစ် ရွေးချယ်ရန်** | <50 HH | GCA | မြို့ပြ | မရှိ | |

| | | | | | |
|---|---|---|---|---|---|
| **အနေအထားနည်းပါး** | | | | | |
| **အလယ်အလတ် ဦးစားပေးအဆင့်** | | | | | |
| **ကြားဝင်ကူညီမှု ဦးစားပေးအဖြစ် ရွေးချယ်ရန် အလားအလာများ** | >500 HH | NGCA | ကျေးလက် | ရှိ | ရောက်ရှိ သွားလာရန် ခက်ခဲ |

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများပေးရန်အတွက် မတူကွဲပြားသည့် ဦးစားပေး ရွေးချယ်ရေး စံနှုန်းများ သတ်မှတ်ရန်မှာ ပါဝင်ဆောင်ရွက်သူများအတွက် အခက်အခဲ၊ စိန်ခေါ်မှုတရပ် ဖြစ်နေခဲ့သည်။ ထို့ကြောင့်ဤလေ့ကျင့်ခန်းကို ရွှေ့ဆိုင်းထားရန် ဆုံးဖြတ်ခဲ့သည်။

တက်ရောက်သူများမှ လာမည့် ၂၀၁၅ အောက်တိုဘာလ ၁၆ ရက်နေ့ အစည်းအဝေးတွင် စခန်း ဦးစားပေး ရွေးချယ်မှုဆိုင်ရာ သတ်မှတ်ချက်များနှင့် ပတ်သက်၍ ၎င်းတို့၏ အကြံပြုချက်များတင်ပြရန် သဘောတူခဲ့ကြပါသည်။ အချို့သော တက်ရောက်သူများမှ အကြံပြုသည်မှာ ၎င်းတို့အနေနှင့် မဆုံးဖြတ်သင့်ဘဲ မြစ်ကြီးနားနှင့် ရှမ်းပြည်မြောက်ပိုင်းဧရိယာမှ ပုဂ္ဂိုလ်များ၏ ဆွေးနွေးအကြံပြုချက် များဖြင့် ဆုံးဖြတ်သင့်သည်ဟုဆိုသည်။

ဆောင်ရွက်ရန်အချက်များ:

- ✓ WASH-Shelter သက်ဆိုင်သူအားလုံး၏ စခန်းဦးစားပေးရွေးချယ်ခြင်းနှင့် ပတ်သက်သော စံသတ်မှတ်ရန် အကြံပြုချက်အားလုံးကိုစုစည်းပြီး မြစ်ကြီးနားနှင့် ရှမ်းပြည်မြောက်ပိုင်းမှ အခြားသော ပုဂ္ဂိုလ်များနှင့် ချိတ်ဆက်ဆွေးနွေးရန်။